
TEA
Translator-Min Hein Htet
၉၀ ခုနှစ်မှာ
စာစဉ်(၃၁)

# ၈၀ ခုနှစ်မှာ
# စာစဉ် (၃၁)
# အပိုင်း (၃၀၁)
# လက်လျှော့လိုက်ခြင်း

*

ရှီယန်က လင်းမန်ကို နှစ်ပေါင်းများစွာ သဘောကျခဲ့ပြီး အကြိမ်ကြိမ် ငြင်းပယ်ခံရပေမယ့် ဘယ်တော့မှ လက်မလျှော့ခဲ့ဘူး။ သူသိတာက လင်းမန်ဟာ နောက်ကနေ လိုက်ခံရတဲ့ ခံစားချက်ကို သာယာပြီး သူ့သူငယ်ချင်းတွေရှေ့မှာတောင် သူ့ကို တကယ်ချစ်လို့ နှစ်ပေါင်းများစွာ နောက်ကနေ လိုက်နေတဲ့ ယောကျ်ားတစ်ယောက် (ရှီယန်) ရှိတယ်ဆိုပြီး ကြွားလုံးထုတ်

တတ်တယ်ဆိုတာကိုပဲ။

လင်းမန်ရဲ့ သူငယ်ချင်း တော်တော်များများကို လည်း သူသိသလို၊ ဒီနှစ်တွေတစ်လျှောက်လုံး လင်းမန်နောက်ကို လိုက်နေတဲ့ တခြားယော ကျ်ားတွေ ရှိတယ်ဆိုတာကိုလည်း သူသိတယ်။ ဒါပေမဲ့ အားလုံးကို လင်းမန်က ငြင်းပယ်ခဲ့တာ ချည်းပဲ။ သူ့လောက် ဇွဲကောင်းတဲ့သူ ဘယ်သူမှ မရှိဘူးလေ။ ဒါကြောင့် သူသာ လက်မလျှော့ဘူး ဆိုရင် လင်းမန်ကို ရလိမ့်မယ်လို့ ရှီယန်က ခိုင် ခိုင်မာမာ ယုံကြည်ထားခဲ့တာ။

မကြာသေးခင်က သူ အောင်မြင်ခါနီးပြီလို့ ထင် ထားချိန်မှာမှ ဆစ်ချန် ရုတ်တရက် ပေါ်လာပြီး သူ့ကို လက်တွေ့ဘဝထဲ ပြန်ဆွဲချသွားခဲ့တယ်။

သူ ပိုပြီး သည်းမခံနိုင်တာက ဆစ်ချန်က အိမ်ထောင်ကျနေပြီ ဖြစ်တာတောင်၊ လင်းမန်က သူ့အပေါ် အရူးအမူး စွဲလမ်းနေတုန်းပဲ။ ရှောင်

ကျန်းကန်းရဲ့ ဆေးရုံကိစ္စကို ကြားပြီးနောက်မှာ တောင် သူ့ရဲ့ ကန့်ကွက်မှုတွေကို ဂရုမစိုက်ဘဲ ဒီကို အတင်း လာခဲ့သေးတယ်။

ရှီယန်တစ်ယောက် ရှုံးတော့မလို ခံစားနေရတယ်။ သူ ဒေါသတွေ ပေါက်ကွဲချင်ပေမယ့် လင်းမန်ကိုတော့ မနာကျင်စေရက်ဘူး။ သူ့ရဲ့ မျိုသိပ်ထားရတဲ့ ဒေါသတွေက ထွက်ပေါက်မရှိဖြစ်ပြီး သူ့မျက်နှာကို ရှေ့မှာတွေ့သမျှကို ဆွဲဖြဲပစ်ချင်နေတဲ့ သားရဲတစ်ကောင်လို ရုပ်ဆိုးသွားစေတယ်။

သူ့မျက်လုံးထဲက သွေးဆာနေတဲ့ ရက်စက်မှုကို မြင်တော့ လင်းမန် လန့်သွားတယ်။ ခုနက သူ မစဉ်းစားဘဲ ဒေါသပေါက်ကွဲခဲ့မိပေမယ့်၊ ရှီယန်ရှေ့မှာ မာနကြီးနေကျဆိုတော့ အမှားဝန်ခံဖို့ဆိုတာ သူ့အတွက် မဖြစ်နိုင်ဘူးလေ။ နောက်ကို နှစ်လှမ်းဆုတ်လိုက်ပြီး တည်ငြိမ်အောင်

ကြိုးစားရင်း သူက "ရှီ... ရှီယန်... ငါ ဘာလုပ်လုပ် နင်က ဘာလို့ ဒီလောက် ဂရုစိုက်နေရတာလဲ။ ငါ ရှင်းရှင်းလင်းလင်း ပြောပြီးပြီလေ... ငါ နင့်ကို မကြိုက်ဘူး။ နောက်ထပ် အနှစ်တစ်ရာကြာရင်တောင် ဒီခံစားချက်က ပြောင်းလဲသွားမှာ မဟုတ်ဘူး။ နင် လက်လျှော့ပြီး ငါ့ကို လာရှုပ်နေမယ့်အစား နင့်ကို ချစ်မယ့်သူကို သွားရှာပါလား" လို့ ပြောလိုက်တယ်။

"လာရှုပ်တာ ဟုတ်လား" ရှီယန်က လင်းမန်အနားကို နောက်တစ်လှမ်း တိုးလာပြီး မေးလိုက်တယ်။ "ငါ့လုပ်ရပ်တွေကို နင်က အဲဒီလိုပဲ မြင်တာလား။ လင်းမန်... နင့်နှလုံးသားက ကျောက်တုံး၊ သံမဏိတွေနဲ့ လုပ်ထားရင်တောင် အခုဆို ငါက နွေးထွေးသွားအောင် လုပ်နိုင်နေလောက်ပြီ မဟုတ်ဘူးလား။ နင် ငါ့ကို တကယ် ရွံနေတာ မဟုတ်လား"

ဖြတ်သွားဖြတ်လာတွေက သူတို့ ရန်ဖြစ်နေတာကို ရပ်ကြည့်လာကြတော့ လင်းမန် နည်းနည်း စိတ်လုံခြုံသွားတယ်။ သူက သတ္တိမွေးလိုက်ပြီး အထက်စီးဆန်တဲ့ ဟန်ပန်နဲ့ "နင်က ငါ့စတိုင်လ် မဟုတ်ဘူး၊ နင့်လို လူမျိုးကို ငါ မကြိုက်ဘူး။ နင် အချိန်ဖြုန်းနေတာပဲ" လို့ ပြောလိုက်တယ်။

ဒီနှစ်တွေ တစ်လျှောက်လုံး တကယ် ဂရုစိုက်ပေးခဲ့တာတောင် ဒါက ရလဒ်ပဲတဲ့လား။ ရှီယန် ရုတ်တရက် သဘောပေါက်သွားပြီး တဖြည်းဖြည်း တည်ငြိမ်သွားတယ်။ သူက လင်းမန်ကို ကြည့်ပြီး "အဲဒီစကားကို ထပ်ပြောစမ်းပါ လင်းမန်" လို့ မေးလိုက်တယ်။

အံ့ဩစရာကောင်းတာက လင်းမန် ခဏလောက် တွန့်ဆုတ်သွားတယ်။ ဘာကြောင့်မှန်းတော့ သူ မသိဘူး၊ ရှီယန်ကို သူ မကြိုက်သလို စိတ်ရှုပ်ပေမယ့်၊ ဒီအခိုက်အတန့်မှာတော့ သူ

ယိမ်းယိုင်သွားတယ်။ ဒါပေမဲ့ အဲဒါက စက္ကန့် အနည်းငယ်ပဲ ကြာလိုက်ပြီး သူ ချက်ချင်း ပြန်ပြောလိုက်တယ်။ "ငါ နင့်ကို မကြိုက်ဘူး။ ငါ ဒါကို အကြိမ်ကြိမ် ရှင်းရှင်းလင်းလင်း ပြောပြီး ပြီ"

"လင်းမန်... ဒီနေ့ နင်ပြောတဲ့ စကားတွေကို မှတ်ထားပါ။" ရှီယန်က သူ့ကိုယ်သူ သရော်တဲ့ အပြုံးနဲ့ ရယ်လိုက်တယ်။ ဒီနှစ်တွေ တစ်လျှောက်လုံး သူ့ရဲ့ စေတနာတွေက တန်ဖိုးမ ထားတဲ့ မိန်းမတစ်ယောက်ဆီမှာ အလဟဿ ဖြစ်သွားရတာကို တွေးမိပြီး သူ သွားကြိတ်ကာ ဒေါသတကြီး ပြောလိုက်တယ်။ "ငါက နင့်ကို မိန်းကလေးကောင်း တစ်ယောက်လို့ မြင်ပြီး အတည်အကျ လိုက်ခဲ့တာ။ ဒါပေမဲ့ နင်က ငါ့ရဲ့ ရိုးသားမှုကို အခွင့်ကောင်းယူခဲ့တယ်။ နင့်ကိုယ် နင် သိပ်လှပြီး အဆင့်မြင့်တယ်၊ ဘယ်သူမှ လှမ်း

မမီနိုင်တဲ့ ကောင်းကင်က လမင်းကြီးလို ထင်နေတာမလား။ ဒါပေမဲ့ နင်က အိမ်ထောင်သည် ယောကျ်ားတစ်ယောက်ကို သဘောကျရလောက်တဲ့အထိ ကိုယ့်ကိုယ်ကိုယ် အဆင့်နှိမ့်ချခဲ့တယ်။ နင်က ဒီလို မိန်းမမျိုးမှန်းသာ ငါ သိခဲ့ရင်၊ နင် ငါ့ခုတင်ပေါ် တက်လာရင်တောင် နင့်ကို ငါ ရွံနေဦးမှာပဲ"

အမြဲတမ်း ပျော့ညံ့တဲ့သူလို့ သူ မြင်ထားတဲ့ ရှီယန်က ဒီလို ရိုင်းစိုင်းတဲ့ စကားတွေ သုံးပြီး သူ့ကို စော်ကားလိမ့်မယ်လို့ လင်းမန် လုံးဝ မထင်ထားခဲ့ဘူး။ ပတ်ဝန်းကျင်က လူတွေရဲ့ ရယ်သံတွေ၊ တီးတိုး ပြောသံတွေကြားမှာ လင်းမန်ရဲ့ မျက်နှာက ရှက်လွန်းလို့ ပူထူလာပြီး လေထဲကို သာ ပျောက်ကွယ်သွားချင်စိတ် ပေါက်သွားတယ်။

ဘယ်ခေတ်မှာပဲဖြစ်ဖြစ် အိမ်ထောင်သည်

ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်တာက အမြဲတမ်း အထင်သေးခံရတာပဲလေ။

သူ လိုချင်တဲ့ရလဒ်ကို ရသွားတာ မြင်တော့ ရှီယန်က လင်းမန်ကို မုန်းတီးတဲ့ အကြည့်နဲ့ တစ်ချက်ကြည့်လိုက်ပြီး လှည့်ကာ ခြေလှမ်းကျဲကျဲနဲ့ ထွက်သွားတော့တယ်။ အဲဒီအခိုက်အတန့်မှာ သူ့နှလုံးသားလည်း သေဆုံးသွားပြီလို့ သူ ခံစားလိုက်ရတယ်။ ထွက်သွားရင်းနဲ့တောင် ကျလာတဲ့ မျက်ရည်တွေကို သူ မတားဆီးနိုင်ခဲ့ဘူး။

နှစ်ပေါင်းများစွာ ချစ်ခဲ့ရပြီးနောက်မှာတော့ အရာအားလုံးက ဟာသတစ်ခုလို အဆုံးသတ်သွားခဲ့ပြီ။

လင်းမန်သာ သူ့ကို မငြင်းခင် နောက်ထပ် တစ်မိနစ်လောက် ပိုပြီး တွန့်ဆုတ်နေခဲ့မယ် ဆိုရင်တောင်၊ သူ ဆက်ပြီး လိုက်ဖို့ သူ့ကိုယ်သူ လှည့်စားနိုင်ခဲ့ဦးမှာပဲ။

ဒီနှစ်တွေ တစ်လျှောက်လုံး လင်းမန်အနားမှာ ချည်း ဝဲလည်နေခဲ့လို့ သူငယ်ချင်းတွေ ဆုံကြရင်တောင် ဒီအကြောင်းကို ရယ်စရာလုပ်ပြီး ပြောတတ်ကြတယ်။ သူကတော့ တကယ် ချစ်မိနေပြီး ဒီဆက်ဆံရေးကို လေးစားတယ်လို့ ထင်ခဲ့တာ။ သူ့သူငယ်ချင်းတွေက သူ့ကို နားမလည်တာ၊ ဒါမှမဟုတ် လင်းမန် ဘယ်လောက်ကောင်းတယ်ဆိုတာကို နားမလည်ကြတာလို့ပဲ သူ ထင်ခဲ့တာ။

တကယ့်ကို ရယ်စရာကောင်းလိုက်တာ ...

အားလုံးက ဆစ်ချန်ကြောင့်ပဲ။ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်မှာ ဘာများ ထူးခြားနေလို့လဲ။ မိန်းမတွေက လူဆိုးတွေကို သဘောကျတယ်ဆိုတာ တကယ်ပဲလား။

လင်းမန်က သူ့ကို အိတ်ထဲကစလုံးလို့ သဘောထားပြီး သူ မရှိဘဲ အသက်မရှင်နိုင်ဘူး

လို့ ထင်နေတာ သေချာတယ်။ ဒါပေမဲ့ သူ တကယ်တမ်း လက်လွှတ်လိုက်တဲ့ အခါမှာတော့ သူ ထင်ထားသလောက် မနာကျင်ဘူးဆိုတာကို သူ သဘောပေါက်သွားတယ်။ ဒီနှစ်တွေ တစ်လျှောက်လုံး ပေးဆပ်ခဲ့ရတာတွေ၊ အဆုံးသတ်က သူ စိတ်ကူးထားသလို မဖြစ်လာ တာတွေအတွက် သူ မကျေမနပ် ဖြစ်နေတာ သက်သက်ပါပဲ။

...

ဆေးရုံမှာ လင်းမန်က ဆစ်ချန်ဆီ လာလည် တယ်ဆိုတာကို မသိကြတဲ့ ထုန်ယောင်နဲ့ ဆစ် ချန်တို့က သူ့မိဘတွေ အိမ်ကို အခုလေးတင် ရောက်သွားကြတယ်။ အလုပ်သွားရမယ့် သူ့ အဖေ ထုန်ယောင်ဟွေးက မိန်းမဖြစ်သူကို ဈေးသွားဝယ်ခိုင်းလိုက်ပြီး နေ့လယ်စာစားရင်း သမက်ဖြစ်သူနဲ့ အရက် နည်းနည်းပါးပါး

သောက်ဖို့ စီစဉ်ထားတယ်။

"မင်း ရှားရှားပါးပါး နားရက်ရတာဆိုတော့ အဖေနဲ့ အမေလည်း အလုပ်သွားစရာ မလိုပါဘူး။ အတူတူ နေ့လယ်စာ စားကြတာပေါ့"

ထုန်ယောင်ဟွေ့ရဲ့ စကားကို ကြားတော့ ထုန်ယောင်က ချက်ချင်းပဲ ဘက်လိုက်တဲ့အကြောင်း ညည်းတွားတော့တယ်။ "အဖေ... သမီးက နားရက်ယူပြီး အတူတူ ထမင်းစားရအောင်လို့ ပြောရင် အဖေက ဘယ်တော့မှ အဲဒီလို မပြောဘူးနော်"

ထုန်ယောင်ဟွေ့က ပြန်ဖြေတယ်။ "တို့တွေက ခဏခဏ တွေ့နေရတာပဲလေ။ မင်း အမေ ချက်တာ စားချင်ရင် သူ ချက်ပြီး မင်းဆီ လာပို့ပေးမှာပေါ့"

ထုန်ယောင် - "..."

တရားမျှတတယ်လို့ ထင်ရပေမယ့် တစ်ခုခု

တော့ လွဲနေသလို ထုန်ယောင် ခံစားလိုက်ရတယ်။

နေ့လယ်ဘက်ရောက်တော့ ဝမ်ယွန်းက ဟင်းနည်းနည်းကို မြန်မြန်ဆန်ဆန် ကြော်လှော်လိုက်ပြီး ဝက်ရိုးစွပ်ပြုတ် တစ်အိုးကြီး တည်လိုက်တယ်။ ထုန်ယောင်က မီးဖိုချောင်ထဲမှာ ကူညီပေးရင်း ဒီရက်ပိုင်း အပူအောင်းနေလို့ အစပ်စားလို့မရဘူး ဆိုတဲ့ အကြောင်းပြချက်နဲ့ ဝမ်ယွန်းကို ဟင်းထဲ ငရုတ်သီး မထည့်ဖို့ ပြောလိုက်တယ်။ ဝမ်ယွန်းက ဘာမှ သံသယ မဝင်ဘဲ ညင်ညင်သာသာ ဝင်ပြောတယ်။ "အစပ် လျှော့စားဖို့ အမေပြောရင် သမီးက ပုံမှန်ဆို နားမထောင်ဘူးလေ။ နွေရာသီမှာ အပူအောင်းဖို့က လွယ်လွယ်လေးပဲ"

ထုန်ယောင်က ချစ်စရာကောင်းအောင် ဆိုးနွဲ့တဲ့ဟန်ပန်နဲ့ ပြန်ပြောတယ်။ "ကြည့်လေ... အခု

သမီး နားထောင်နေပြီပဲ။ အမေ့ကို ငရုတ်သီး လျှော့သုံးဖို့ ပြောနေတာ"

ဝမ်ယွန်းက ပြုံးလိုက်ပြီး လတ်ဆတ်တဲ့ သခွားသီး နှစ်လုံးကို ထုတ်ယူကာ "ဒါလေး ရေဆေးပြီး ထုလိုက်။ နင့်အဖေ အရက်သောက်ရင် အဲဒါလေး စားရတာ ကြိုက်တယ်" လို့ ပြောတယ်။

ထုန်ယောင်က အခွင့်အရေးကို လက်ဆုပ်လက်ကိုင် ယူလိုက်ပြီး ဝမ်ယွန်းရဲ့ လက်မောင်းကို ဖက်ကာ ချိုသာစွာ ပြောတယ်။ "အမေ… ပြီးရင် အမေ သမီးကို ကူညီရမယ် နော်။ အဖေနဲ့ အာချန်ကို အရက်မသောက်ခိုင်းနဲ့။ အာချန်နဲ့ သမီးက ကလေးယူဖို့ ကြိုးစားနေတာ၊ ဒီကာလမှာ ဆေးလိပ်သောက်၊ အရက်သောက်တာ မကောင်းဘူးလို့ ပြောကြတယ်။ သတိထားတာ ပိုကောင်းမယ်လို့ သမီး ထင်တယ်"

ထုန်ယောင်က ရုတ်တရက် သတိပေးလိုက်တော့ ဝမ်ယွန်းက သစ္စားသီးတွေကို ဗီရိုထဲချက်ချင်း ပြန်သိမ်းလိုက်ပြီး "ပုံမှန်ဆိုရင်တော့ နင့်အဖေကို အရက်မသောက်ခိုင်းပါဘူး၊ ဒီတစ်ခါ ဆစ်ချန် ရောက်နေလို့ ခွင့်ပြုလိုက်တာ။ ဒါပေမဲ့ အခု ဆစ်ချန် သောက်လို့ မရတော့မှတော့ သူလည်း မသောက်ရဘူးပေါ့" လို့ ပြောလိုက်တယ်။

ထုန်ယောင် ရယ်လိုက်တယ်။ "အမေ... အမေတစ်ယောက်တည်းပဲ အဖေ့ကို ထိန်းချုပ်နိုင်တာ။ အပြင်ပန်းကြည့်ရင်တော့ သူက သူဌေးကြီးလို့ ထင်ရပေမယ့် တကယ်တမ်း ကွယ်ရာမှာ ဆုံးဖြတ်ချက်ချတာက အမေပဲ"

"မြှောက်ပင့်နေပြန်ပြီ" ဝမ်ယွန်းက နောက်လိုက်တယ်။ "ကဲကဲ... နင့်အဖေနဲ့ ဆစ်ချန်ကို နေ့လယ်စာစားဖို့ လက်သွားဆေးခိုင်း

ချေ"

"ဟုတ်ကဲ့!"

ထုန်ယောင်က စာကြည့်ခန်းဘက်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပြေးသွားတော့တယ်။

မိန်းမနဲ့ သမီးဖြစ်သူတို့ ပူးပေါင်းကြံစည်ထားတာကို မသိရှာတဲ့ ထုန်ယောင်ဟွေးက နေ့လယ်စာ မစားခင် သူ အကြာကြီး သိမ်းထားတဲ့ အရက်ကောင်းကို သွားယူတယ်။ ဒါပေမဲ့ သူ အရက်ကို ထုတ်လာတာနဲ့ တစ်ပြိုင်နက် ဝမ်ယွန်းက ကန့်ကွက်တော့တာပဲ။

"အရက်ကို ဘာလုပ်ဖို့ ယူလာတာလဲ။ ဆစ်ချန်က အခု သောက်လို့ မရဘူး၊ သူတို့ ကျန်းမာရေးအတွက် မကောင်းဘူး။ ရှင်က လူကြီးဖြစ်နေပြီ၊ ဒါလေးတောင် နားမလည်ဘူးလား"

အပိုင်း (၃၀၁) ပြီးဆုံး

***